သတင်းစာရှင်းလင်းပွဲ - ၂၀၁၈ခုနှစ် စက်တင်ဘာလ ၂၁ရက်
သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်

# အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားအဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွက်သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာဦးစားပေးရာများကို ၂၀၂၁ခုနှစ်အထိအတွက် သတ်မှတ်ပေးခြင်း

မြန်မာနိုင်ငံ၏ပဌမဦးဆုံးသော သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်ဆိုင်ရာဌာနေအစီအစဉ် (DWCP)သည် အလုပ်အကိုင်များကိုမြှင့်တင်ရန်၊ အလုပ်သမားအခွင့်အရေးများကိုကာကွယ်ရန်နှင့် အပြန်အလှန်ဆွေးနွေးပြောဆိုမှုကို အားကောင်းအောင်ပြုလုပ်ရန် သတ်မှတ်ထားပါသည်။

နေပြည်တော် (ILO သတင်း) - အခြေခံအလုပ်သမားအခွင့်အရေးများကို ကာကွယ်ခြင်း၊ လုပ်ငန်းခွင်တွင်းဘေးကင်းလုံခြုံမှုနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအမံများကို တိုးတက်အောင်လုပ်ဆောင်ခြင်းနှင့် အပြန်အလှန်ဆွေးနွေးပြောဆိုမှုများကို တိုးမြှင့်လုပ်ဆောင်ခြင်းသည် ဦးစားပေးအရာများထဲတွင်ပါရှိပြီး ယင်းကို ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားအဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)နှင့်ပူးပေါင်းကာ ၂၀၂၁ ခုနှစ်အထိ ရေးရှုလုပ်ဆောင်သွားပါမည်။

ဤကဏ္ဍများကို မြန်မာနိုင်ငံအတွက် ပဌမဆုံးသော သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာဌာနေအစီအစဉ် (DWCP)၌ ထည့်သွင်းထားပြီးဖြစ်ကာ ယင်းကို နေပြည်တော်တွင် ယနေ့ကျင်းပခဲ့သော အခမ်းအနားအစီစဉ်၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ် ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် ILO၏ ဒုတိယညွှန်ကြားရေးမှူးချုပ်ဖြစ်သူ Mr Greg Vines တို့က လက်မှတ်ရေးထိုး ခဲ့ကြပါသည်။

DWCPကို အလုပ်သမားအဖွဲ့အစည်းများကို ကိုယ်စားပြုသော မြန်မာနိုင်ငံလုံးဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (CTUM)၊ မြန်မာနိုင်ငံစက်မှု လက်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းပေါင်းစုံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MICS-TUsF) နှင့် မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ်လုပ်ငန်းဆိုင်ရာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM-IUF) တို့ကလည်း လက်မှတ်ရေးထိုးပါသည်။ မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (UMFCCI) သည်လည်း အလုပ်ရှင်များကိုယ်စား DWCPကို လက်မှတ်ရေးထိုးပါသည်။

အစီအစဉ်သစ်ကိုရေးဆွဲရာတွင် မြန်မာနိုင်ငံတွင်း ဒီမိုကရေစီအကူးအပြောင်းနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးလမ်းပွင့်လာမှု၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများကို နောက်ခံထား၍ ရေးဆွဲထားပါသည်။ ထို့ပြင် ကမ္ဘာပေါ်တွင် တိုင်းရင်းသားလူမျိုးစုကွဲပြားမှုအများဆုံးရှိသော နိုင်ငံတစ်နိုင်ငံထဲတွင်ပါဝင်သည်နှင့်အညီ ငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးရရှိရန်အတွက် ကြိုးပမ်းမှုများကိုလည်း နောက်ခံထား၍ ရေးဆွဲပါသည်။

လက်မှတ်ရေးထိုးသည့်အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးဦးသိန်းဆွေက "မြန်မာနိုင်ငံဟာ ILOရဲ့ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာဌာနေအစီအစဉ်ကို အကောင်အထည်ဖော်ဖို့ သန္နိဋ္ဌာန်အပြည့်အဝချမှတ်ထားပါတယ်။ လူမှုရေးမိတ်ဖက်များနှင့်အတူ ဒီပဌမဦးဆုံးဖြစ်တဲ့ DWCPကို အကောင်အထည်ဖော်ဖို့ အလွန်စိတ်အားထက်သန်ပါတယ်။ ILOရဲ့ ပံ့ပိုးမှုနဲ့အတူ မျှော်မှန်းထားတဲ့ ပန်းတိုင်တွေ အရေးကြီးတဲ့ဒီအစီအစဉ်မှာပါတဲ့ လုပ်ဆောင်ရမဲ့အရာတွေကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရုံသာမက မြန်မာနိုင်ငံအနေဖြင့် အစိုးရ၊ အလုပ်ရှင်နဲ့ အလုပ်သမားများပါဝင်တဲ့ သုံးပွင့်ဆိုင်ဆောင်ရွက်မှုကတဆင့် သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်နဲ့ဆိုင်တဲ့ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်ဖြေရှင်းဖို့အသင့်ဖြစ်နေကြောင်း ကမ္ဘာကြီးကို ခိုင်မာတဲ့သတင်းစကား ပေးသွားမှာလဲဖြစ်ပါတယ်။" ဟုပြောကြားပါသည်။ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်အစီအစဉ်များ (DWCPs)သည် နိုင်ငံများသို့ ILO၏ပံ့ပိုးမှုများကို ပေးအပ်သော အဓိကလုပ်ငန်းမူဘောင် ဖြစ်ပါသည်။ ဦးစားပေးအရာများနှင့် မျှော်မှန်းသည့် အကျိုးရလဒ်များအပေါ် အလေးထားအာရုံစိုက်ပါသည်။

မြန်မာနိုင်ငံအတွက် ၂၀၁၈-၂၀၂၂ အစီအစဉ်ကို အမျိုးသားအဆင့်သုံးပွင့်ဆိုင်ဖိုရမ် (NTDF)များ၌ အချိန်ယူတိုင်ပင်ဆွေးနွေးကာ ဖော်ထုတ်ရေးဆွဲထားခြင်းဖြစ်ပါသည်။ ယင်းNTDF သည် မြန်မာနိုင်ငံအစိုးရ၊ အလုပ်ရှင်များနှင့်အလုပ်သမားအဖွဲ့အစည်းများအကြား အပြန်အလှန်ဆွေးနွေးပြောဆိုကြသည့် အမြင့်ဆုံးသောအဖွဲ့ ဖြစ်သည်။

ILO၏ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr Greg Vines က "မြန်မာနိုင်ငံရဲ့ ပဌမဦးဆုံး DWCPကို ရေးဆွဲဖော်ထုတ်နိုင်တာဟာ မြန်မာနိုင်ငံမှာ သုံးပွင့်ဆိုင်မိတ်ဖက်တွေကိုပံ့ပိုးတဲ့ ILOရဲ့ အဓိကခြေလှမ်းကို ကိုယ်စားပြုပါတယ်။ နှစ်ပေါင်းများစွာအတွင်းမှာ တိုးတက်မှုများစွာကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့လည်း ကိုင်တွယ်ဖြေရှင်းရမဲ့ စိန်ခေါ်မှုတွေ၊ ကွာဟချက်တွေ ရှိနေပါသေးတယ်။ ဒီဟာတွေထဲမှာ အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးပါဝင်တယ်" ဟုအလေးထားပြောကြားသွားပါသည်။ "ILOကို လွန်ခဲ့တဲ့ အနှစ်၁၀၀က ထူထောင်ခဲ့တုန်းက ဒီမိုကရေစီနဲ့ငြိမ်းချမ်းရေးကို အောင်မြင်စွာရရှိဖို့ လူမှုရေးတရားမျှတမှုကို မဖြစ်မနေလိုအပ်ပြီး ဒါကိုဘယ်လိုမြှင့်တင်လုပ်ဆောင်ရမယ်ဆိုတာကို အာရုံထားခဲ့ပါတယ်။ မြန်မာနိုင်ငံအတွက် ဒီထက်ပိုပြီးဆီလျော်တဲ့ သတင်းစကား မရှိတော့ပါဘူး။"

CTUM၏အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ ဦးသန်းလွင်က DWCPနှင့်ပတ်သက်ပြီး လက်မှတ်ထိုးခြင်းအပေါ် မှတ်ချက်ပေးရာတွင် "မြန်မာနိုင်ငံရဲ့ ပဌမဦးဆုံး သင့်လျော်ကောင်းမွန်တဲ့အလုပ်အကိုင်အစီအစဉ်ကို သဘောတူကြတာဟာ မြန်မာနိုင်ငံမှာ သုံးဦးသုံးဖလှယ် လုပ်ဆောင်တဲ့စနစ်ရဲ့ အလားအလာနဲ့ အပြန်အလှန်ဆွေးနွေးပြောဆိုမှု အားကောင်းလာတယ်ဆိုတာကို ပြသနေပါတယ်။ အသင်းအဖွဲ့တွေ လွတ်လပ်စွာဖွဲ့စည်းနိုင်မှုကို အားကောင်းအောင်လုပ်ဖို့ လိုအပ်တာတွေအများကြီးရှိနေ သေးတယ်။ ဒါပေမဲ့လည်း ILOရဲ့ပံ့ပိုးမှုနဲ့အတူ နှစ်ကာလကြာမြင့်စွာ ကျွန်တော်တို့ရုန်းကန်လှုပ်ရှားနေကြရတဲ့ ကျွန်တော်တို့ရချင်တဲ့ အပြောင်းအလဲတွေကို ဒီအစီအစဉ်အသစ်က ဆောင်ကြဉ်းပေးမယ်လို့မျှော်လင့်ပါတယ်" ဟု ပြောဆိုခဲ့ပါသည်။

UMFCCI ၏ဒုတိယဥက္ကဋ္ဌနှင့် လုပ်ငန်းခွင်ဆက်ဆံရေးကော်မတီ၏ဥက္ကဋ္ဌဖြစ်သူ ဦးသိန်းဟန်က "ကျွန်တော်တို့အလုပ်ရှင်များက မြန်မာနိုင်ငံရဲ့ သင့်လျော်ကောင်းမွန်တဲ့ အလုပ်အကိုင်ဆိုင်ရာဌာနေအစီအစဉ်ကို ကြိုဆိုပါတယ်။ ဒီအခြေအနေကိုရောက်ဖို့ သုံးပွင့်ဆိုင်မိတ်ဖက် တွေက နှစ်နှစ်နီးပါး အချိန်ယူခဲ့ရပါတယ်။ ဒါပေမဲ့လဲ အခုတော့ DWCP ဟာ မြန်မာနိုင်ငံရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ရယ် ကမ္ဘာလုံးဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနဲ့ပါ အပြည့်အဝကိုက်ညီ နေပါတယ်။ ဒီဟာကိုသာ အောင်အောင်မြင်မြင် လုပ်ဆောင်နိုင်မယ်ဆိုရင် စီးပွားရေးလောကအတွက်ရော အလုပ်အကိုင်လောက/နယ်ပယ်အတွက်ပါ ကောင်းကျိုးပြုမှာပါ။" ဟု အလေးထားပြောကြားသွား ပါသည်။

မြန်မာနိုင်ငံ၏ DWCPသည် အစိုးရ၏ အမျိုးသားရည်မှန်းချက်ပန်းတိုင်များနှင့်သာမက ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့်လည်း ကျယ်ကျယ်ပြန့်ပြန့်ကိုက်ညီမှုရှိပါသည်။ ယင်းကို အကောင်အထည်ဖော်ခြင်းသည် အစိုးရ၊ အလုပ်ရှင်များနှင့် အလုပ်သမားများ၏ တွဲဖက်လုပ်ဆောင်မှုအပေါ် အခြေခံသည်သာမက ILO၏ နည်းပညာပံ့ပိုးမှုနှင့် နိုင်ငံတကာအလှူရှင်များ၏ပံ့ပိုး မှုအပေါ်တွင်လည်း အခြေပြုပါသည်။

**မြန်မာနိုင်ငံ၏ သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်ဆိုင်ရာဌာနေအစီအစဉ် (DWCP) ၏ဦးစားပေးအရာများ**

- အလုပ်အကိုင်နှင့် သင့်လျော်ကောင်းမွန်သောအလုပ်အကိုင်များကို ဖြစ်ပေါ်စေရန်။ထို့ပြင် ပဋိပက္ခဒဏ်နှင့် ဘေးအန္တရာယ်ကျရောက်သည့် ဒဏ်ခံရသော အကာအကွယ်မဲ့ပြည်သူများအပါအဝင် လူအားလုံးအတွက် စီးပွားရေးစွန့်ဦးတည်ထွင်ဆောင်ရွက်မှု အခွင့်အလမ်းများ စဉ်ဆက်မပြတ်ဖြစ်ပေါ်စေရန်။
- တိုးတက်ကောင်းမွန်အောင်ပြုလုပ်ထားသည့် လုပ်သားဈေးကွက်ခန့်ခွဲမှုအားဖြင့် လုပ်ငန်းခွင်ဆိုင်ရာ အခြေခံမူသဘောတရားများနှင့်အခွင့်အရေးများကို လက်တွေ့အသုံးချမှု အားကောင်းအောင်ပြုလုပ်ရန်။ ကာလကြာမြင့်စွာ လုပ်ဆောင်ခဲ့သော ILO၏လုပ်ဆောင်မှုဖြစ်သည့် အဓမ္မအလုပ်ခိုင်းစေမှုပပျောက်ရေးအလုပ်သည် ထိုအစီအစဉ်၏ အဓိကအစိတ်အပိုင်းအဖြစ် ဆက်လက်တည်ရှိနေပါမည်။

- အထူးသဖြင့် အကာအကွယ်မဲ့အလုပ်သမားများနှင့်ပြည်သူများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးအစီအမံများကို တိုးချဲ့လုပ်ဆောင်သွားရန်။ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် ကျယ်ပြန့်ပြည့်စုံသော အမျိုးသားစနစ်တစ်ရပ်ကို ဖော်ထုတ်ရေးဆွဲရန်။

**ပိုမိုသိလိုပါက အောက်ပါပုဂ္ဂိုလ်ကို ဆက်သွယ်ပါရန်**

Marco Minocri, Communications Consultant, ILO Liaison Office in Myanmar – minocri@ilo.org
+95 9 964611167